


mayoe.com


mgyoe.com

# လိုတရမင်းသားလေး

နှင့်

## အခြားပုံပြင်များ

ဝင်းဇော်(သုံးဆယ်)



ဦးခွင်းကြွယ် စာပေ

WZ0004
1,300.00 KS

mgyoe.com

mgyoe.com

စာမူနှင့်အပြင်အဆင်မူပိုင် – ဦးစန်းဦး

မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် – ဗိုသံ

ထုတ်ဝေသူ – ဒေါ်အိဝတ်ရည်ထွန်း၊
ဂျူတီစာပေ၊ (၀၂၀၇၇)၊ မြောက်ရုံလမ်း၊ လှိုင်၊ ရန်ကုန်။
ပုံနှိပ်သူ – ဦးစန်းဦး၊
SKCC PRESS (၀၀၄၁၃)၊ မဟိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဖေဖော်ဝါရီလ၊
ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

၁၃၀၀ ကျပ်

mgyoe.com

mgyoe.com

# လိုတရမင်းသားလေးနှင့်
## အခြားပုံပြင်များ

ဝင်းဇော်(သုံးဆယ်)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | စရိုက်မှန်လူ ထိုက်တန်သူ | ၁ |
| ၂။ | မောင်ဖိုးဝနှင့်ဆေးဆရာအဘိုးအို | ၉ |
| ၃။ | မှုဆိုးအသည်း | ၁၆ |
| ၄။ | လိုတရမင်းသား | ၂၄ |
| ၅။ | အစွမ်းထက်သော လက်ကလေး | ၃၂ |
| ၆။ | အလှမာန | ၃၈ |
| ၇။ | တာဝန်သိ ညီအစ်ကိုနှစ်ဦး | ၄၂ |
| ၈။ | သူဌေးကြီးနှင့်သားငါးယောက် | ၄၉ |
| ၉။ | ရတနာမင်းသားနှစ်ပါး | ၅၆ |
| ၁၀။ | ပညာရှိကြီး ဦးစိတ္တ | ၆၉ |
| ၁၁။ | ပညာ၏တန်ဖိုး | ၇၆ |


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# စရိုက်မှန်လူ ထိုက်တန်သူ

တစ်ခါက မောင်သီလနှင့် မောင်ဝက်ဆိုသည့် သူငယ်ချင်းနှစ်ယောက်တို့သည် ဝေးလံသောအရပ်ဒေသသို့ ကုန်ရောင်းထွက်ခဲ့ကြလေ၏။ ကုန်ပစ္စည်းများကို နွားလှည်းငှား၍ သယ်ဆောင်လာခဲ့ကြပြီး ထိုဒေသသို့ရောက်လျှင် ကုန်ပစ္စည်းများချကာ အော်ဟစ်ရောင်းချကြလေသည်။

"အမျိုးမှန် ဈေးမှန်ရောင်းချပေးမယ့် ပစ္စည်းတွေနော်။ စိတ်ကြိုက်ရွေးချယ်ပြီး ဝယ်လို့ရတယ်"

ထိုဒေသမှ လူများသည် မောင်သီလနှင့် မောင်ဝက်တို့ရောင်းချသောပစ္စည်းများကို အလုအယက် ဝယ်ယူကြလေ၏။ သူတို့၏ပစ္စည်းများမှာ မထင်မှတ်ဘဲ ရောင်းကောင်းသဖြင့် ခဏလေးနှင့်ကုန်သွားလေ၏။

"သီလရေ၊ ပစ္စည်းတွေ များများယူလာရင်လည်း ရောင်းကုန်မှာပဲနော်"

"ဒီကုန်ပစ္စည်းတွေကို မကြာခဏ လာရောင်းကြတာပေါ့ကွာ"

mgyoe.com

mgyoe.com


"အေးပေါ့"

ရရှိသောအမြတ်ငွေများကို သူငယ်ချင်းနှစ်ဦး ခွဲဝေယူကြပြီး နေရပ်သို့ ပြန်ရန်ပြင်ဆင်ကြလေ၏။

"ဝက်ရေ ငါတို့ လှည်းငှားပြန်ကြမလား"

"ဟင် လှည်းငှားပြန်ရင် ငါတို့အမြတ်ငွေထဲက လျော့သွားမှာပေါ့။ လမ်းမှာ စားဖို့စားစရာတွေဝယ်သွားပြီး တောလမ်းက ခြေကျင်ပြန်ကြတာပေါ့။ ခြေကျင်သွားရင် တစ်ညအိမ်ခရီးပဲသွားရမှာပါ"

"အေး အဲဒါပဲ ကောင်းပါတယ်ကွာ..."

မောင်သီလနှင့် မောင်ဝက်တို့သည် ရွာသို့ခြေကျင်ပြန်လာကြလေ၏။ မောင်ဝက်သည် မောင်သီလထံမှ ငွေများကို မတရားရယူချင်သဖြင့် မောင်သီလအပေါ် အမြဲအကောက်ကြံလျက်ရှိလေ၏။

"ရက်ကြာကြာမရောင်းရဘဲ ပစ္စည်းတွေကုန်သွားတော့ ငါတို့စားစရိတ်မကုန်တာ ဝမ်းသာစရာပဲ"

"အေးကွ၊ ငါက ကုန်ပစ္စည်းတွေကို သီတင်းတစ်ပတ်လောက်ရောင်းရမယ်လို့ တွေးထင်ထားတာ"

"ကုန်ပစ္စည်းတွေက ဒီဒေသကလူတွေ အကြိုက်ဖြစ်နေတာကိုး"

မောင်သီလမှာ မောင်ဝက်၏ ကောက်ကျစ်သောအကြံကို မသိရှာဘဲ တောတွင်းထဲတွင် ညအိပ်ရပ်နားကြလေ၏။ ညအိမ်နေကြစဉ်

"ဟီး ဟီး အား ကျွတ်....ကျွတ်"

"သီလ မင်းဘာဖြစ်နေတာလဲ"

"ငါ...ငါ...အပူတွေတက်ပြီး ဖျားနေတယ်"

"လမ်းခရီးကကြမ်း နေကပူလွန်းတော့ မင်းအပြင်းဖျားတာ"

ဆေးဝါးမပါသဖြင့် မောင်သီလမှာ အဖျားရောဂါကို ပြင်းထန်စွာခံစားလာရ၏။ မောင်ဝက်သည် ဘာမှမပူပန်သလို အိပ်စက်နေလေ၏။

mgyoe.com

mgyoe.com


"ကဲ...သွားရအောင် သီလရေ..."

"အင်း...ဝက်ရေ၊ ငါတစ်ကိုယ်လုံးကိုက်ခဲနာကျင်နေလို့ ရှေ့ဆက်ပြီး မသွားနိုင်သေးဘူး။ ဘာအစာမှလည်း စားချင်စိတ်မရှိဘူး၊ ငါ့ရိက္ခာတွေကို မင်းစားပြီးနေပါ။ ဒီနေရာမှာ ငါတို့ခဏတော့ နားနေရအောင် သူငယ်ချင်းရာ"

"အေးလေ မင်းက မသက်သာသေးဘူးဆိုရင်တော့ ဒီနေရာပဲ နေရဦးမှာပေါ့"

"ကျေးဇူးတင်ပါတယ်ကွာ"

မောင်ဝက်သည် မောင်သီလ နာမကျန်းဖြစ်နေသည်ကို ကျိတ်ပြီးဝမ်းသာနေလေ၏။ မောင်သီလအပေါ် စိုးရိမ်မကင်းဖြစ်နေသော အမူအရာမျိုးကို ဟန်ဆောင်ပြသပြီး...

"နေကောင်းအောင်သာ ဂရုစိုက်ပါကွာ၊ မင်းအနားမှ ငါတစ်ယောက်လုံးရှိပါတယ်"

မောင်သီလသည် အဖျားတွေတက်ပြီး မေ့မျောသွားလေ၏။ ထိုသို့ဖြစ်သည်ကို မောင်ဝက်က မောင်သီလ သေဆုံးသွားသည်ထင်၏။

"သီလတော့ သေသွားရှာပြီ၊ သူ့အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ရအောင်လည်း ငါ့မှာပေါက်ပြား၊ ပေါက်တူး မပါဘူး။ အို...တောထဲမှာပဲ သူ့အလောင်းကို သင်္ဂြိုဟ်နေရင် အချိန်ကြာတယ်၊ ရွာကိုပြန်တာပဲ ကောင်းတယ်"

မောင်ဝက်မှာ အကြံသမားပီပီ မေ့မျောနေသောမောင်သီလကို တောထဲတွင်ထားခဲ့ပြီး မောင်သီလ၏ငွေထုပ်ကိုယူကာ ရွာသို့ပျော်ရွှင်စွာ ပြန်လာခဲ့လေ၏။

ရွာသို့ရောက်လျှင် မောင်ဝက်သည် မောင်သီလအိမ်သို့ အပြေးကလေးသွားပြီး...

mgyoe.com

mgyoe.com



"ဟဲ့ မယ်တင် မယ်တင်"

"ဟင် ကိုဝက်၊ ကျွန်မယောကျ်ား ကိုသီလရော"

"သီလ တောလမ်းခရီးမှာ အပြင်းဖျားတယ်။ ငါလည်း အတတ်နိုင်ဆုံးပြုစုပေးပါတယ်။ ဒါပေမဲ့ အဟင့်...သီလ...သီလ အဖျားတွေတအားတက်ပြီး သေဆုံးသွားပြီ။ အလောင်းကို ငါတစ်ယောက်တည်းသယ်လာလို့ မရတာကြောင့် ကောင်းမွန်စွာသင်္ဂြိုဟ်ပြီး ငါ ရွာကိုပြန်လာခဲ့တာ။ သူငယ်ချင်း သီလရေ မင်းမိန်းမက ငါ့ကိုမေးနေပြီကွအဟီးဟီး ငါ့သူငယ်ချင်း ကံဆိုးလိုက်တာ"

"ဟုတ်လား၊ ကိုသီလရဲ့ ကျွန်မတို့သားအမိကို ထားခဲ့ပြီလား"

မောင်သီလ၏ဇနီးသည်မှာ မောင်သီလသေဆုံးသွားပြီထင်ပြီး ပူဆွေးသောက ရောက်သွားလေ၏။

"ဘယ်တတ်နိုင်မလဲ ကိုဝက်ရယ်၊ ကံကုန်လို့ပဲ သဘောထားရတော့မှာပေါ့၊ ဩော်...ဒါနဲ့ ကိုဝက်၊ ကိုသီလရဲ့ ကုန်ဖိုးငွေတွေရော"

"တောလမ်းခရီးမှာ ကျားဆိုးလိုက်လို့ ထွက်ပြေးရင်း ငွေတွေကျကျန်ခဲ့တယ်။ ကုန်ရောင်းသွားတာ ဘာငွေမှမပါဘဲ ရွာကိုပြန်လာရတဲ့အဖြစ်ပါဗျ...အဟီးဟီး"

မောင်ဝက်သည် မောင်သီလ၏ဇနီး ယုံကြည်အောင် ဟန်ဆောင်ကာ ငိုကြွေးပြလေ၏။

"လူတစ်ယောက်လုံးတောင် ဆုံးရှုံးရတာပဲ။ ဒီငွေတွေကိုလည်းမမက်မောတော့ပါဘူး။ ဟီး...ဟီး...ဟီး..."

မောင်သီလ၏ဇနီးက မောင်သီလအတွက် ရည်မှန်းပြီး ဘုန်းကြီးများအားလှူဒါန်းကာ ရက်လည်ဆွမ်းသွတ်ပေးလေ၏။

"ကိုသီလရေ...အမျှ...အမျှ...အမျှ...သာဓု...သာဓု...သာဓု...ကိုသီလတစ်ယောက် ကောင်းမွန်ရာဘုံဘဝသို့ ရောက်ပါစေ..."

mgyoe.com

mgyoe.com



မောင်ဝက်မှာ မောင်သီလထံမှ ရရှိထားသောငွေများဖြင့် သောက်စားပျော်ပါးမှုးယစ်နေလေ၏။

"သောက်ရတာ အားမရဘူး၊ သောက်လေသောက်လေမက်မပြေ၊ ဇရက်မင်း စည်းစိမ်မျိုးခံစားရတာ ဘယ်လောက်ကောင်းသလဲ.... ဟား ...ဟား...ဟား..."

မကြာမီ မောင်ဝက်သည် သေရည် သေရက်ဒဏ်ကြောင့် ကျန်းမာရေးချို့ယွင်းကာ အိပ်ရာထဲတွင် ဘုံးဘုံးလဲလေတော့၏။

* * *

"ဟော...ဟိုမှာ လူတစ်ယောက် လဲနေပါလား"

"ဟင် သေနေတာလား မသိဘူး"

"နေစမ်းပါဦး အသက်ရှူနေသလားလို့"

သစ်၊ ဝါးခုတ်သူများက မောင်သီလအနားသို့ ရောက်လာကြ၏။

"ဟင်...ဒီလူ တအားအဖျားတက်ပြီး သတိမေ့မျောနေတာ ရွာကို ခေါ်သွားကြမယ်"

"အေး ကောင်းတယ်"

ရွာသူရွာသားများက မောင်သီလကို ရွာသို့ခေါ်သွားကာ ဆေးဆရာနှင့်ဆေးကုသပေးကြလေ၏။ မကြာမီ မောင်သီလသည် ကျန်းမာလာလေ၏။

"ရွာသူရွာသားတွေရဲ့ကျေးဇူးက အလွန်ကြီးမားလှပါတယ်။ ကျေးဇူးမမေ့ပါဘူး၊ ရွာက မိန်းမက စိတ်ပူနေမှာမို့ ပြန်ပါရစေ"

မောင်သီလသည် ရွာသူရွာသားများအား ကန်တော့ပြီး ရွာသို့ ပြန်လာခဲ့လေ၏။

"ဟူး...မောလိုက်တာ၊ ရှေ့နားမှာ ခဏနားဦးမှပဲ"

mgyoe.com

mgyoe.com



တောစပ်တစ်နေရာမှ ကျောက်တုံးကြီးတစ်ခုပေါ်တွင် ထိုင်၍ အမောအပန်းဖြေနေသော မောင်သီလမှာ လမ်းဘေးတစ်နေရာ၌ သေတ္တာကြီးတစ်လုံး မမျှော်လင့်ဘဲ တွေ့လိုက်လေ၏။

"ဟင်...ဟိုမှာ သေတ္တာကြီးတစ်လုံးပါလား"

မောင်သီလက သေတ္တာကြီးရှိရာသို့လျှောက်လာရာ

"ဟာ ဒီမှာလည်း လူတွေရဲ့အရိုးစုတွေပါလား။ နှစ်ပေါင်းများစွာက သေဆုံးခဲ့ကြတာ သေတ္တာထဲမှာ ဘာတွေရှိမလဲမသိဘူး"

မောင်သီလသည် သေတ္တာကိုချည်ထားသောကြိုးများကိုဖြတ်ပြီး အဖုံးကိုဖွင့်ကြည့်လိုက်ရာ...

"ဟာ ရတနာရွှေငွေ ပစ္စည်းတွေပါလား"

မောင်သီလသည် အံ့အားသင့်သွားပြီး ရပ်နေမိလေ၏။

"ဒီရတနာပစ္စည်းတွေရဲ့ ပိုင်ရှင်လည်း သေဆုံးနေပြီဆိုတော့ ဒီပစ္စည်းတွေဟာ ငါနဲ့ထိုက်လို့ ရတာပဲ။ အင်း ဒီရတနာပစ္စည်းတွေကို အခုအခါမှာ ရွာကိုသယ်သွားလို့မဖြစ်သေးဘူး"

မောင်သီလသည် ရတနာပစ္စည်းအချို့ကိုသာယူ၍ ရွာသို့ပြန်လာခဲ့၏။

"ဟင် ကိုသီလ ခင်ဗျား မသေဘူးနော်၊ ကိုဝက်က ခင်ဗျား သေသွားပြီပြောလို့ ခင်ဗျားမိန်းမကတောင် ရက်လည်ဆွမ်းသွတ်သေးတယ်"

"သေကံမရောက် သက်မပျောက်တဲ့ သီလဆိုပါတော့"

"ခင်ဗျားမိန်းမဆီ သွားလိုက်ဦး၊ သိပ်ဝမ်းသာသွားမှာ"

"မယ်တင်ရေ...ဟေ့ မိန်းမ မယ်တင်ရေ..."

"ဟယ်...ကိုသီလ၊ ရှင်မသေဘူးနော်"

အဖြစ်အပျက်အားလုံးကို မောင်သီလက သူ့ဇနီးအား ပြောပြလေ

mgyoe.com

mgyoe.com



၏။

"ဟင်း...ကိုဝက်ကပြောတော့ ရှင်သေသွားပြီ။ ကုန်ဖိုးငွေတွေလည်း တောထဲမှာ ကျားဆိုးလိုက်လို့ ကျကျန်ခဲ့ပြီတဲ့"

"ဒါဟာဝက် ငါ့အပေါ်မှာ ကောက်ကျစ်စဉ်းလဲတာ အထင်အရှားပဲ။ တကယ်ဆိုရင် ငါသေသွားပြီလို့ထင်ပေမယ့် ငါ့ကုန်ဖိုးငွေတွေကို မင်းကို ပေးသင့်တာပေါ့။ ဒါပေမဲ့ ကိစ္စမရှိပါဘူး မိန်းမရယ် ငါလည်း ကံစီမံရာအတိုင်း တောတွင်းထဲမှာ သေတ္တာကြီးတစ်လုံးကို တွေ့ခဲ့တယ်။ နောက်နေ့ကျရင် အဲဒီရတနာတွေကို ငါတို့သွားသယ်ကြတာပေါ့"

မောင်သီလသည် ရတနာပစ္စည်းများကြောင့် ချမ်းသာကြွယ်ဝသွားလေ၏။ မောင်သီလသည် အလှူဒါနများပေး၏။ ဆင်းရဲနွမ်းပါးသူများအား ပေးကမ်းလေ၏။

မောင်သီလ ချမ်းသာနေသည်ကိုသိလျှင် မောင်ဝက်သည် မောင်သီလအား ဝန်ချတောင်းပန်လေ၏။

"ငါ့ကို ခွင့်လွှတ်ပါ သီလရယ်၊ ငါမှားခဲ့ပါတယ်"

"ခွင့်လွှတ်ပါတယ် ဝက်ရယ်၊ မင်းသာငါနဲ့အတူ သူငယ်ချင်းကောင်း ပီသစွာဆက်ဆံခဲ့ရင် အထူးတွေ့ပြီး ရတနာပစ္စည်းတွေကို မျှဝေခံစားရမှာ အမှန်ပဲ။ ငါကုန်ရောင်းရတဲ့ငွေတွေလည်း မင်းသောက် စားမူးယစ်လို့ ကုန်သွားပြီကြားတယ်"

မောင်ဝက်သည် သူ့သူငယ်ချင်းအပေါ် စိတ်ထားယုတ်မာပြီး တစ်ကိုယ်ကောင်းဆန်ခဲ့သည်များကိုတွေး၍ နောင်တရ ဝမ်းနည်းမဆုံးအောင် ရှိနေလေတော့သတည်း။ ။

❖

mgyoe.com

mgyoe.com

# မောင်မိုးဝင်း
## မြေးဆရာဘကြီးအို



mgyoe.com

mgyoe.com

# မောင်ဖိုးဝနှင့် ဆေးဆရာအဘိုးအို

တစ်ခါတုန်းက ရွာတစ်ရွာတွင် မိခင်အိုကြီးအား မြင်းလှည်းမောင်း၍ ရှာဖွေကျွေးမွေးနေသော မောင်ဖိုးဝဆိုသည့် လူငယ်တစ်ဦး ရှိလေသည်။ မောင်ဖိုးဝသည် နာမည်နှင့်လိုက်အောင် ဝဖြိုးလေ၏။ မောင်ဖိုးဝသည် လူတိုင်းကို ကူညီတတ်သဖြင့် လူတိုင်းက မောင်ဖိုးဝအား ချစ်ခင်ကြလေသည်။ မိခင်အိုကြီးအား လုပ်ကိုင်ကျွေးမွေးနေသော မောင်ဖိုးဝကို လေးစားကြသည်။

ခင်မင်သူများက မောင်ဖိုးဝနှင့် သူမိခင်အိုကြီးအတွက် စားစရာများပေးကမ်းတတ်ကြလေသည်။ မောင်ဖိုးဝသည် မိခင်ကြီးစားသောက်ရန် ချက်ပြုတ်ပြီးမှ မြင်းလှည်းမောင်း သွားလေသည်။ လူချစ်လူခင်ပေါများသောကြောင့် မောင်ဖိုးဝ၏မြင်းလှည်းကိုစီးနင်းကာ လိုရာခရီးသို့ သွားကြလေ၏။ အခြားမြင်းလှည်းသမားများက မောင်ဖိုးဝအပေါ် မနာလိုဖြစ်နေကြလေ၏။ မောင်ဖိုးဝအကျိုးယုတ်ရန် ကြံစည်နေကြလေသည်။ ဤသည်ကို မောင်ဖိုးဝက မရိပ်စားမိချေ။

တစ်နေ့တွင် မောင်ဖိုးဝသည် ခရီးသည်များတင်ဆောင်၍ အခြား

mgyoe.com

mgyoe.com



အရပ်တစ်ပါးသို့သွားရောက်စဉ် ချောက်ကမ်းပါးအောက်သို့ တိမ်းမှောက်သွားလေသည်။ ခရီးသည်များအားလုံး ဒဏ်ရာရသည့်နည်းတူ မောင်ဖိုးဝမှာလည်း ညာဘက်ခြေထောက်ကျိုးသွားကာ ဒုက္ခိတဘဝသို့ ရောက်သွားရသည်။ မိခင်အိုကြီးသည် မောင်ဖိုးဝခြေထောက်ကျိုးသွားသဖြင့် စိတ်မကောင်းဖြစ်ကာ ငိုယိုလေ၏။ မောင်ဖိုးဝက...

"အို...မိခင် ဘာကြောင့်ငိုကျွေးနေရပါသလဲ။ ကျွန်တော့်မှာ ခြေတစ်ဖက် မကောင်းသော်လည်း လက်နှစ်ဖက်ကောင်းပါသေးသည်။ မိခင်ကို လုပ်ကိုင်ကျွေးမွေးနိုင်ပါသေးတယ်" ဟု အားပေးစကား ပြောလေသည်။

"ငါ့သား ချိုင်းထောက်ကြီးနဲ့သွားနေရတာကို မိခင် မကြည့်ရက်ဘူး" ဟု မိခင်ကဆိုလေ၏။

"မိခင်ရယ် လူ့လောကမှာ ကိုယ်လက်အင်္ဂါမစုံမလင်နှင့် မွေးဖွားလာကြသော သားသမီးများစွာရှိပါတယ်။ ခြေတစ်ဖက်မကောင်းရုံဖြင့် ဘဝကို အရှုံးပေးရတော့မှာလား။ သန်စွမ်းသောလက်နှစ်ဖက်ဖြင့် အလုပ်မလုပ်နိုင်ပေဘူးလား" ဟု မောင်ဖိုးဝက ပြော၏။ မိခင်အိုကြီးသည် သားဖြစ်သူအတွက် ယူကြုံးမရဖြစ်နေလေသည်။ မောင်ဖိုးဝသည် ဘဝကိုအရှုံးမပေးပေ။ သူတတ်ကျွမ်းသော ရက်လုပ်ခြင်းပညာဖြင့် ခြင်းတောင်း၊ ဆန်ကော၊ ပလုံးများကို ရက်လုပ်၍ရောင်းချကာ မိခင်အိုကြီးအား ချက်ပြုတ်ကျွေးမွေးလေသည်။

တစ်နေ့တွင် အဘိုးအိုတစ်ဦးသည် မောင်ဖိုးဝနေထိုင်သောရွာသို့ ရောက်လာလေသည်။ အဘိုးအိုသည် ဒုက္ခိတဘဝသို့ ရောက်နေသော မောင်ဖိုးဝကိုမြင်လျှင် သနားသွားလေ၏။ အဘိုးအိုသည် ခြင်းတောင်းရက်နေသော မောင်ဖိုးဝ၏လက်ရာကို အနီးသို့လာကြည့်နေ၏။

"မောင်ရင် သင့်ခြေထောက်က ဘယ်လိုဖြစ်လို့ ကျိုးသွားရတာ လဲ"

mgyoe.com

mgyoe.com


ဟု အဘိုးအိုက မေးလေ၏။

မောင်ဖိုးဝက...

"ဧည့်သည် အဘိုးအိုလို့ထင်ပါတယ်။ ကျွန်ုပ်ရဲ့တဲပေါ်မှာ အနားယူနိုင်ပါတယ်။ ကျွန်ုပ်မြင်းလှည်းတိမ်းမှောက်ပြီး ခြေထောက်ကျိုးသွားတာပါ။ ဘာမှ မကြာသေးပါဘူး"

"ခြေထောက်ကျိုးသွားတာကို ပြန်ကောင်းလာအောင် ဘာလို့ မကုသတာလဲမောင်ရင်"

"ကျွန်ုပ်တို့ဒေသတွင် ဆေးဆရာမရှိပါ။ ကျွန်ုပ်ခြေထောက်ကို ဆေးဆရာရှိတဲ့အရပ်ဒေသကို သွားရောက်ပြီးကုသရင် ပျောက်ကင်းသွားမယ်ဆိုတာ ကျွန်ုပ်သိပါတယ်။ သို့ပေမယ့် မိခင်အိုကြီးအား လုပ်ကိုင်ကျွေးမွေးမယ့်သူမရှိလို့ မကုသသေးဘဲနေတာပါ။ ခြေထောက်မကောင်းပေမယ့် မိခင်အိုကို လုပ်ကိုင်ကျွေးမွေးနိုင်တာပဲမဟုတ်လားအဘိုးအို"

"မောင်ရင်က မိခင်အိုကြီးအတွက် စိတ်ပူပန်ပြီး ဒုက္ခိတဘဝနဲ့နေတော့မှာပေါ့ ဟုတ်လား"

"မှန်ပါတယ် အဘိုးအို ကျွန်ုပ်ခြေထောက် ပြန်ကောင်းဖို့ထက် မိခင်အိုကြီးရဲ့အရေးကို အလေးပေးဆောင်ရွက်ပါမယ်"

"မောင်ရင်ဟာ မိဘရဲ့ကျေးဇူးကို အထူးသိတတ်တဲ့သူပဲ။ ဒီလို ကျေးဇူးသိတတ်သူကို အဘိုးက ကူညီရမှာပေါ့ကွယ်။ အဘိုးက ဆေးဆရာတစ်ဦးကွဲ့"

အဘိုးအိုသည် မောင်ဖိုးဝ၏ခြေထောက် ပြန်လည်ကောင်းမွန်လာရေးအတွက် အစွမ်းကုန်ကုသပေးလေ၏။ မကြာမီ မောင်ဖိုးဝ၏ခြေထောက်သည် ပြန်လည်ကောင်းမွန်လာလေသည်။ မောင်ဖိုးဝတို့သားအမိသည် ဝမ်းသာလွန်းသဖြင့် ဆေးဆရာအဘိုးအိုအား ကျေးဇူးတင်

mgyoe.com

mgyoe.com


မဆုံး ဖြစ်နေကြလေသည်။ မောင်ဖိုးဝသည် ဆေးဆရာအဘိုးအိုအား မိမိရွာတွင်နေထိုင်၍ ကျေးရွာသူကျေးရွာသားများအား ဆေးကုသပေးရန် တောင်းပန်လေသည်။ ထိုအခါ အဘိုးအိုက...

"အဘိုးက နယ်လှည့်ပြီး ဆေးကုသပေးနေသူပါ။ မောင်ဖိုးဝတို့ ရွာကလူတွေ မကျန်းမမာဖြစ်နေရင် အဘိုးရှိတဲ့ရွာကို လိုက်ခေါ်လှည့်ပါ။ အဘိုးက အရှေ့အရပ်မှာ ငါးရက်၊ တောင်အရပ်မှာ ငါးရက်၊ အနောက်အရပ်မှာ ငါးရက်၊ မြောက်အရပ်မှာ ငါးရက်နေထိုင်ပြီး ရောဂါဝေဒနာသည်တွေကို ဆေးကုသပေးတယ်။ မောင်ဖိုးဝက အဘိုး ပြန်သွားတဲ့ရက်ကို ရေတွက်ထားပေတော့" ဟုဆိုကာ အဘိုးအိုသည် အရှေ့ဘက်အရပ်သို့ ထွက်ခွာသွားလေ၏။ မောင်ဖိုးဝသည် ဆေးဆရာအဘိုးအိုရှိသည့်အရပ်ကို နေ့စဉ်ရေတွက် မှတ်သားနေလေသည်။

မောင်ဖိုးဝသည် ပြန်လည်၍မြင်းလှည်းမောင်းလေသည်။ မိခင်အိုကြီးအားလည်း ဆထက်ထမ်းပိုး ကျွေးမွေးပြုစုလေသည်။ မောင်ဖိုးဝသည် ဆေးဆရာအဘိုးအို၏ကျေးဇူးကို အစဉ်အမြဲသတိရနေသူဖြစ်လေ၏။

တစ်နေ့တွင် မောင်ဖိုးဝအား ဒုက္ခိတဘဝရောက်အောင် ကြံစည်ခဲ့သော မြင်းလှည်းသမားတစ်ဦးသည် နာမကျန်းဖြစ်ကာ အိပ်ရာထဲတွင် လဲနေလေသည်။ ထိုသတင်းကို မောင်ဖိုးဝကြားသိလျှင် ဆေးဆရာအဘိုးအိုရှိသောအရပ်သို့ လိုက်သွားလေ၏။ မောင်ဖိုးဝသည် ဆေးဆရာအဘိုးအိုကို တွေ့လျှင်...

"အဘိုး"

"ဟင် မောင်ဖိုးဝ"

"အဘိုးကျွန်ုပ်နဲ့ ဘဝတူတစ်ရွာတည်းသား မြင်းလှည်းသမား တစ်ဦး နာမကျန်းဖြစ်နေလို့ လိုက်ပြီးဆေးကုသပေးစေလိုပါတယ်"

mgyoe.com

mgyoe.com



"အေးပါကွယ် အဘိုးလိုက်ခဲ့ပါ့မယ်"

မောင်ဖိုးဝသည် ဆေးဆရာအဘိုးအိုအား ရွာသို့ခေါ်လာခဲ့ပြီး နာမကျန်းဖြစ်နေသော မြင်းလှည်းသမားအား ဆေးကုသစေပါသည်။

"သူငယ်ချင်း မင်းဘာမှမစိုးရိမ်နဲ့ အဘိုးက မင်းရောဂါပျောက်အောင် ကုသပေးပါလိမ့်မယ်"

"အား ကျွတ်...ကျွတ်... ဖိုးဝရယ်...မင်း...မင်းကို"

"ဘာမပြောနဲ့၊ မင်းမောနေမယ်၊ သက်သောင့်သက်သာနေ"

မကြာမီ မြင်းလှည်းသမားသည် ပြန်လည်ကျန်းမာလာလေသည်။ မြင်းလှည်းသမားသည် မောင်ဖိုးဝ၏လူသားချင်းစာနာတတ်မှုကို လေးစားသွားလေသည်။ လူချစ်လူခင်ပေါသောမောင်ဖိုးဝအား ဒုက္ခိတဘဝရောက်အောင် မြင်းလှည်းသမားက အကောက်ကြံခဲ့ပုံကိုဝန်ခံပြီး တောင်းပန်လေသည်။ ထိုအခါ မောင်ဖိုးဝက...

"ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့ သူငယ်ချင်းရယ်၊ လူဆိုတာ ကိုယ့်ထက်သာရင် မနာလိုဖြစ်တတ်တာဟာ ဓမ္မတာပါပဲ။ ငါကတော့ မိခင်အိုကြီးကို ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တဲ့ကုသိုလ်ကြောင့် ဒုက္ခိတဘဝရောက်ခဲ့ပေမဲ့ ဆေးဆရာအဘိုးအိုရဲ့ စေတနာထားကုသပေးမှုကြောင့် လူကောင်းဘဝ ပြန်ရောက်ခဲ့ရတယ်။ အမှားသိလို့ အမှန်မြင်ရင် ငါကျေနပ်ပါတယ်။ ငါ့အနေနဲ့ကတော့ မိခင်အိုကြီးကို ကျွေးမွေးပြုစုစောင့်ရှောက်ခွင့်ရလို့ ဝမ်းသာနေမိတယ်။ မင်းလည်း လူတိုင်းအပေါ်မှာ စိတ်စေတနာကောင်းတွေထားပါလို့ ငါမှာကြားပါရစေ။ ညအိပ်ရာဝင်တိုင်း မိမိရဲ့ကိုယ်ကျင့်တရားကို စစ်ဆေးကြည့်ပါ။ မကောင်းသောအလုပ်၊ ယုတ်မာသောအကျင့်အကြံမှန်သမျှကို နေ့ည မဆိုင်းအမြန်ပြင်ပါ။ စိတ်ထားကောင်းမွေးပါ သူငယ်ချင်း" ဟု မှာ ကြားလေသည်။

မောင်ဖိုးဝသည် ဆေးဆရာအဘိုးအိုအား ကန်တော့ပြီး ခေါ်လာရာ

mgyoe.com

mgyoe.com


အရပ်သို့ မြင်းလှည်းဖြင့် ပြန်ပို့ပေးလေသည်။ ဆေးဆရာအဘိုးအို ကလည်း မောင်ဖိုးဝ၏ ရွာသို့မကြာခဏလာရောက်ပြီး နာမကျန်းဖြစ် နေသူများအား ကုသပေးလေ၏။ မောင်ဖိုးဝသည် မိခင်အိုကြီးအား ကျွေးမွေးပြုစုစောင့်ရှောက်ရင်း ရပ်ကျိုးရွာကျိုးသယ်ပိုးကာ ပျော်ရွှင်စွာ နေထိုင်သွားလေသတည်း။ ။

❖

mgyoe.com

mgyoe.com

# မုဆိုးအသည်း



mgyoe.com

mgyoe.com

# မုဆိုးအသည်း

ဟိုးရှေးရှေးတုန်းက တောရွာတစ်ရွာမှာ မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် လူတစ်ဦးရှိလေသည်။ မုဆိုးသည် တောတွင်းတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ပြီး အသားများကို အရပ်တကာသို့ လှည့်လည်ရောင်းချလေ၏။

တစ်နေ့တွင် တောထဲ၌ မုဆိုးထောင်ထားခဲ့သော ဝါးချွန်ထောင်ချောက်တွင် ကျားမကြီးတစ်ကောင် သေဆုံးနေသည်ကို မုဆိုးတွေ့လိုက်ရသည်။ မုဆိုးသည် ကျားမကြီးကို သားရေ၊ အသား၊ အရိုးသေချာစွာဖျက်၍ သူ့အိမ်သို့ထမ်းကာ ပြန်လာခဲ့လေသည်။ အသားကို ရောင်းချသည်။ သားရေကို နေလှန်း၍ထားလေသည်။

နောက်တစ်နေ့တွင် မုဆိုးသည် သားကောင်ရှာဖွေရင်း မနေ့က ကျားမကြီးအား အသေဖမ်းမိသောနေရာတွင် ကျားသားပေါက်ကလေးတစ်ကောင်ကို တွေ့ရလေ၏။ ကျားပေါက်ကလေးမှာ ဝဖြိုးလွန်းသဖြင့် မုဆိုးသည် မြင်မြင်ချင်းချစ်ခင်သွားမိလေ၏။

"ဒီကျားပေါက်ကလေးရဲ့အမေဟာ ငါ့ဝါးထောင်ချောက်မှာမိပြီး

mgyoe.com

mgyoe.com



သေသွားပြီ။ ဒီကျားပေါက်ကလေးဟာ တောထဲမှာ ဟိုသည်လျှောက်သွားနေရင် အခြားသားကောင်ကြီးတွေရဲ့ ကိုက်ခဲတာခံရပြီး သေမှာမုချ။ သနားပါတယ်။ ဒီကျားပေါက်ကလေးကို ငါ့အိမ်ခေါ်သွားပြီး မွေးထားတာပဲ ကောင်းတယ်"

မုဆိုးသည် ကျားပေါက်ကလေးအား အိမ်သို့ခေါ်လာခဲ့လေသည်။ ကျားပေါက်ကလေးကို မြင်တွေ့ရသူတိုင်းက ချစ်ခင်ကြလေ၏။

သို့နှင့် ကျားပေါက်ကလေးသည် မုဆိုး၏ကျွေးမွေးမှုကြောင့် တဖြည်းဖြည်းကြီးထွားလာလေ၏။ မုဆိုးသွားရာနောက်သို့ တကောက်ကောက် လိုက်နေလေ၏။ ရွာသူရွာသားများကမူ ကျားပေါက်ကလေးကိုကြောက်၍ အနားသို့ မကပ်ရဲကြချေ။

မုဆိုးသည် တောထဲမှဖမ်းမိလာသော သားကောင်၏ အသားအချို့ကို ရောင်းချသည်။ အသားအချို့ကို သူကစားသုံးပြီး ကျားပေါက်ကလေးကိုလည်း ကျွေးသည်။

"တောထဲကို မင်းကိုခေါ်သွားလို့မဖြစ်ဘူးကွ။ တောကောင်တွေက မင်းကိုမြင်ရင် ကြောက်လန့်ပြီး ထွက်ပြေးသွားကြလိမ့်မယ်။ ငါလည်း ဘာသားကောင်မှ ရမှာမဟုတ်တော့ဘူး။ အဲဒါကြောင့် အိမ်မှာပဲ နေခဲ့ပါသားရယ်"

မုဆိုးသည် ကျားလေးကို သားသမီးသဖွယ် ချစ်ခင်နေလေ၏။ ကျားလေးအား ပွေ့ဖက်ပြီးနေ၏။ တစ်နေ့တွင် မုဆိုးသည် ကျားလေးကို လှောင်အိမ်ထဲတွင်ထားခဲ့ပြီး တောထဲသို့ အမဲပစ်ရန် လာခဲ့လေ၏။ ကျားလေးသည် လှောင်အိမ်ကိုအတင်းတိုးထွက်ရင်း အပြင်သို့ ရောက်သွားလေ၏။ ကျားလေးသည် တောတွင်းထဲသို့ ဝင်လာခဲ့လေ၏။ တောတွင်းတစ်နေရာသို့ရောက်လျှင် ကျားလေးသည် ကျားအိုကြီးတစ်ကောင်နှင့် တွေ့လေ၏။ ကျားလေးက...

mgyoe.com

mgyoe.com


"အဘကျားအိုကြီး၊ ဒီတောထဲမှာ မုဆိုးတစ်ယောက်ကို မတွေ့မိဘူးလား"

"ဟဲ့ ကျားလေး မင်းနဲ့မုဆိုးက ဘယ်လိုပတ်သက်နေလို့လဲ"

"မုဆိုးသည် ကျွန်ုပ်အား ဟိုးငယ်စဉ်သေးသေးလေးအရွယ်ကပင် နို့တိုက်ကျွေးမွေးပြီး မွေးလာသည့်ကျေးဇူးရှင်ပါ။ ကျွန်ုပ်အား အလွန်ချစ်ခင်မြတ်နိုးပြီး သူနေ့စဉ်ရှာဖွေလာသော အသားများကို ဝလင်အောင် ကျွေးမွေးပါသည်" ဟု ကျားလေးက ကျားအိုကြီးအား ပြောပြလေ၏။

"အသင်ကျားလေး သင်ဟာ ရန်သူကို မိတ်ဆွေဖွဲ့နေတာပါလား။ တကယ်တော့ မုဆိုးဟာ သင်ရဲ့သားရေ၊ အသား၊ အရိုးတို့ကိုလိုချင်လို့ ကျွေးမွေးထားခြင်းသာဖြစ်တယ်။ တစ်နေ့ကျရင် သင်ဟာ ကျားကြီးတစ်ကောင် ဖြစ်လာလိမ့်မယ်။ အဲဒါရော သင်မသိဘူးလား။ အဲဒီအခါ မုဆိုးက သင့်ကိုသတ်၍ သင့်အသားကို ရောင်းချစားသောက်ပေလိမ့်မယ်။ ဒါကို သင်မစဉ်းစားမိဘူးလား"

ကျားလေးသည် ကျားအိုကြီး၏စကားကို တွေဝေကာ စဉ်းစားနေလေ၏။

"အဘကျားအိုကြီး၏စကားကို ကျွန်တော်မယုံကြည်နိုင်ပါ" ဟု ကျားလေးက ပြန်ပြောလေ၏။

"အသင်ကျားကလေး၊ သင်နဲ့မုဆိုးက ဘယ်အချိန်မှာ တွေ့ခဲ့တာလဲ"

"ကျွန်ုပ်နို့စို့အရွယ်ကတည်းက မုဆိုးက ကျွေးမွေးစောင့်ရှောက်ခဲ့တာပါ"

"ဒါဆိုရင် အသင်ကျားကလေး၊ သင်၏အဖေနှင့်အမေကို သင်မြင်ဖူးပါသလား"

mgyoe.com

mgyoe.com


"လုံးဝမမြင်ဖူးပါဘူး ကျားအိုကြီး"

"တကယ်တော့ မုဆိုးဟာ သင့်အမေကျားမကြီးကို သတ်ပြီး သင့်ကိုမွေးစားခဲ့တာပဲ"

"ဟုတ်ရဲ့လား အဘ ကျားအိုကြီးရယ်"

"သင့်ကိုလိမ်ညာပြောဖို့ အကြောင်းမရှိဘူး။ သင့်ရဲ့ဘဝမှန်ကို သိစေချင်လို့ပြောပြရတာပါ။ သင်မယုံကြည်သေးရင် မုဆိုးက သင့်အမေကျားမကြီးကို သတ်ဖြတ်ခဲ့စဉ်က တွေ့မြင်ခဲ့တဲ့ မျောက်အိုကြီး ရှိသေးတယ်။ သင် သူ့ကို လိုက်မေးပေတော့ ကျုပ်နောက်က အခု လိုက်ခဲ့..."

ကျားအိုကြီးက သစ်ပင်ပေါ်မှ မျောက်အိုကြီးအား ကျားမကြီးကို မုဆိုးက ထောင်ချောက်ဖြင့် သတ် မသတ် ကျားလေး၏ရှေ့တွင် မေးမြန်းပေးလေ၏။ မျောက်အိုကြီးက သူမြင်တွေ့ခဲ့သည်များကို ကျား လေးအား ပြောပြလေ၏။

"မုဆိုးကြီးက အတော်ရက်စက်တာပဲ။ ကျွန်ုပ်အမေကိုသတ်ခဲ့တဲ့ မုဆိုးကြီးကို ကျွန်ုပ်အင်အားပြည့်ဖြိုးလာတဲ့တစ်နေ့မှာ ကိုက်သတ် စားရမယ်" ဟု ကျားလေးက ကြိမ်းဝါးလေ၏။ ထို့နောက် ကျားလေး သည် မုဆိုးကြီးတောထဲမှ ပြန်မရောက်မီ လှောင်အိမ်အတွင်းသို့ ဟန် မပျက် ပြန်ဝင်နေလိုက်၏။

မကြာမီ မုဆိုးကြီးသည် တောတွင်းမှပြန်လာလေ၏။ ရရှိလာ သော သားကောင်၏အသားများကို ကျားလေးအား ကျွေးမွေးလေ၏။ ကျားလေးသည် မုဆိုးကြီးအပေါ်၌ ဒေါသဖြစ်နေသော်လည်း အား မတန်၍ မာန်လျှော့နေလေ၏။

သို့နှင့် ကျားလေးသည် တဖြည်းဖြည်းနှင့် ကြီးထွားလာလေ သည်။ ရွာထဲမှ လူများက ကျားကိုကြောက်၍ တောထဲသို့ မောင်း ထုတ်ပစ်ရန်

mgyoe.com

mgyoe.com


မုဆိုးကြီးအား တိုက်တွန်းကြလေ၏။

"ခင်ဗျားတို့ကို ကိုက်မှာ မစိုးရိမ်ပါနဲ့။ ကျုပ်သားလေးကို လှောင်အိမ်ထဲမှာပဲ ထားပါ့မယ်။ ဟိုးငယ်စဉ်ကတည်းက နို့တိုက်ပြီးမွေးခဲ့တာဆိုတော့ သားသမီးလို သံယောဇဉ်ဖြစ်နေတယ်။ ကျုပ်သေသွားရင်တော့ ကျားလေးကို ခင်ဗျားတို့စိတ်တိုင်းကျ တောထဲကိုမောင်းထုတ်ကြပါ"

တစ်နေ့တွင် မုဆိုးကြီးသည် နာမကျန်းဖြစ်နေသဖြင့် တောထဲသို့ မသွားနိုင်ဘဲ ရှိလေ၏။

"ကျားကလေး ငါတော့ နေမကောင်းလို့ တောထဲကို အမဲလိုက်မသွားနိုင်ဘူး။ မင်းစားဖို့အသားကို ငါဘယ်လိုရှာဖွေပေးရပါ့မလဲ" ဟုပြောကာ ညည်းတွားလေ၏။ ထိုအခါ ကျားလေးက...

"ဒီအတွက်တော့ ဘာမှမစိုးရိမ်ပါနဲ့မုဆိုးကြီး ကျွန်ုပ်စားဖို့ အစာကို ရှာတွေ့ထားပါပြီ" ဟု ပြောလေ၏။

"အလို...ကျားလေး၊ ရွာထဲကလူတွေမွေးထားတဲ့နွားတွေ၊ ကျွဲတွေကို ကိုက်သတ်စားဖို့ မင်းစိတ်ကူးနေတာလား။ စိတ်မကူးပါနဲ့။ ရွာထဲကလူတွေက မင်းကို ရန်ရှာမှာစိုးလို့ပါကွယ်"

"ရွာထဲက ကျွဲနွားတွေရဲ့အသားကို ကျွန်ုပ်မစားချင်ပါဘူး။ အသင်မုဆိုးကြီးရဲ့အသားကိုသာ စားချင်တာပါ"

မုဆိုးကြီးသည် ကျားလေး၏စကားကိုကြားလျှင် အံ့ဩသွားလေ၏။

"ဘယ်လို စကားမျိုးပြောလိုက်တာလဲ ငါ့သားရယ်"

"မှန်တဲ့စကားကိုပြောတာပါ မုဆိုးကြီး၊ အသင်က ကျွန်ုပ်မိခင်ကျားမကြီးကို ထောင်ချောက်ဆင်ပြီး သတ်ခဲ့တာကို ကျွန်ုပ်သိထားပါတယ်"

mgyoe.com